complimentary

# GEOSPARKS NEWSLETTER

MANDALAY technology
*Technologies for Development*

November 2015







## ရေဘေးအတွက်
## လက်တစ်ဖက်ကမ်းခဲ့ကြသော်လည်း

စာမျက်နှာ-၃

## ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်
## မြန်မာနိုင်ငံ

စာမျက်နှာ-၁၂

**MANDALAY technology**

*Technologies for Development*




## မိတ်ဆက်ခြင်း



Ti Tant
Public Relation
Executive



Kaung Htet Swe
Assistant Business
Development Executive



Htet Lwin Min
Mechanical & Electrical
Engineer



Kaung Htet Shinn
Mechanical & Electrical
Engineer

## သမီးဦးဆုတောင်း



၂၀၁၅ ခုနှစ် အောက်တိုဘာ (၂၁)ရက်နေ့တွင် ဦးညွှန့်ကြာနှင့်ဒေါ်ဟေသီမိုး Admin and Training Manager (Mandalay Technology Co.,Ltd.) တို့မှ သမီးဦး ရတနာမွေးဖွားခဲ့ခြင်းအတွက် Mandalay Technology Co.,Ltd. မိသားစုမှ ကျန်းမာပျော်ရွှင်ပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါသည်။

### " မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့ ၂၀၁၅ "

"Oil & Gas Myanmar 2015" ကွန်ဖရင့်နှင့်ပြပွဲကို ၂၀၁၅ခုနှစ် အောက်တိုဘာလ (၁၅) ရက်မှ (၁၇) ရက်အထိ ရန်ကုန်မြို့ Myanmar Event Park တွင် ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာနှင့် Royal HaskoningDHV (Myanmar) ၏ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ဝင် ဦးဇော်နိုင်နှင့် Royal HaskoningDHV (Myanmar) ၏ ဌာနေ ဒါရိုက်တာ Mr. Martjn Coopman တို့မှ မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် ထောက်ပံ့ပို့ဆောင်ရေး ကမ်းလွန် အခြေစိုက်စခန်းများ၏ အခန်းကဏ္ဍ (The Role of Offshore Supply Bases in Myanmar Oil & Gas Industry) နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ပါသည်။

### " စီးပွားရေးနှင့်လူမှုဝန်းကျင်ဖိုရမ် "

၂၀၁၅ခုနှစ် စက်တင်ဘာလ (၁၀) ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော "ဂျပန်နိုင်ငံ စီးပွားရေးနှင့် လူမှုဝန်းကျင်ဖိုရမ် (JFBS – Japan Forum on Business and Society)" ၏ ပဉ္စမနှစ်ပတ်လည် ကွန်ဖရင့်တွင် CSR Asia နှင့် JFBS တို့၏ ဖိတ်ကြားချက်အရ မန္တလေးနည်းပညာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်တက်ရောက်၍ "ရှုံးနိမ့်မှုမှသည် အနာဂတ်ဆီသို့" (Fail Forward) Session တွင် Panel အဖွဲ့ဝင်တစ်ဦးအနေဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပါသည်။

### " တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု "

၂၀၁၅ ခုနှစ် စက်တင်ဘာလ (၁၀) ရက်နေ့မှ (၁၂) ရက်နေ့အထိ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သော 3rd Annual Southeast Asia Offshore Summit Myanmar 2015 ပွဲတွင် မန္တလေးနည်းပညာကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ (Executive Director) ဦးကောင်းဇံမှ မြန်မာ့ရေနံသဘာဝဓါတ်ငွေ့ကဏ္ဍတွင် "တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု" (Responsible Investment in Myanmar Oil & Gas Industry) အကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

### " အာဆီယံတာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ "
### (Asean Responsible Business Forum)

အာဆီယံ CSR ကွန်ယက် (Asean CSR Network)၊ အာဆီယံ ဖောင်ဒေးရှင်း (Asean Foundation)၊ OXFAM နှင့် FMM တို့ ပူးပေါင်း၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၇)ရက်မှ (၂၉)ရက်အထိ ကျင်းပခဲ့သောအာဆီယံဒေသတွင်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းလုပ်ငန်း ဆွေးနွေးပွဲ (Asean Responsible Business Forum) သို့ မန္တလေးနည်းပညာ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဦးဇော်နိုင်သည် မြန်မာနိုင်ငံစီးပွားစီမံ အမှုဆောင်များအသင်း (Myanmar Business Executives (MBE) Association) ကိုယ်စားပြု၍ MBE ၏ အခြားအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်သူဇာချယ် ဒေါ်သိန်းသန်းမင်းတို့နှင့် အတူတကွတက်ရောက် ဆွေးနွေး ခဲ့ပါသည်။

### " Myanmar Downstream Summit 2015 "

ရန်ကုန်မြို့တွင်၂၀၁၅ခုနှစ် ဇူလိုင်လ(၁၅) ရက်နေ့က ကျင်းပခဲ့သော Myanmar Downstream Summit 2015 ၏ "မြန်မာ့ရေနံဓာတုလောက အလားအလာ" Panel ဆွေးနွေးပွဲတွင် မန္တလေးနည်းပညာ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင် တက်ရောက် ပါဝင်ဆွေးနွေးခဲ့ပါသည်။

# ရေဘေးအတွက်လက်တစ်ဖက်ကမ်းခဲ့ကြသော်လည်း

သမ္မတ၏အကြံပေးပုဂ္ဂိုလ်တစ်ယောက်က"မြန်မာနိုင်ငံကြုံတွေ့ခဲ့ရသောရေဘေးကြောင့်မြန်မာနိုင်ငံ၏ Gross Domestic Product (GDP) အမျိုးသားထုတ်ကုန်တန်ဖိုး၏နှစ်ရာခိုင်နှုန်းခန့်ဆုံးရှုံးနစ်နာမည်ဟုခန့်မှန်းကြောင်း"ပြောကြားခဲ့သည်ကိုကြားနာမှတ်သားရပါသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လ နှင့် ဩဂုတ်လအတွင်းရေကြီးရေလျှံမှုများနှင့်မြေပြိုမှုများကြောင့်လူပေါင်း (၁၂၀) ခန့်သေဆုံးခဲ့ပြီး လူဦးရေ (၂) သန်းခန့်ရေဘေးဒုက္ခခံစားခဲ့ကြရပါသည်။ စိုက်ပျိုးမြေဧက ၁.၄သန်းခန့်ရေလွှမ်းခဲ့ပြီးဧကတစ်သန်းခန့်ပျက်စီးခဲ့ကြောင်းလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုကိုးကားဖော်ပြသော ကုလသမဂ္ဂ အစီရင်ခံစာတစ်စောင် (Ref: Myanmar: Floods and Cyclone Response- Multi-cluster/ sector Initial Rapid Assessment (MIRA) report (as of 03 Sep 2015), by UNOCHA) အရသိရှိရပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့တွင်ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ အစီရင်ခံစာ (Ref: Agriculture and Livelihood Flood Impact Assessment in Myanmar) အရ စိုက်ပျိုးမြေ ဟက်တာငါးသိန်းခန့်၊မွေးမြူရေးကောင်ရေနှစ်သိန်းခွဲခန့်ဆုံးရှုံးပျက်စီးခဲ့ကြရပြီးငါးပုဇွန်မွေးမြူရေးရေလုပ်ငန်းများလည်းပျက်စီးထိခိုက်ခဲ့ကြောင်းသိရှိရပါသည်။

ဖြစ်ခဲ့သောရေဘေးဒုက္ခများအားလုံးအတွက်ကျွန်တော်တို့မြန်မာလူထုအားလုံးမှထိခိုက်ခံစားစာနာခဲ့ကြပြီးမိမိတို့စွမ်းနိုင်သမျှကူညီ၊ သွားရောက်၊ထောက်ပံ့၊လက်တစ်ဖက်ကမ်းခဲ့ကြပါသည်။ နိုင်ငံတကာမှလည်းလာရောက်ကူညီမှုများ လက်ခံရရှိပါသည်။

ထိုသို့လက်တစ်ဖက်ကမ်းခဲ့ကြရာတွင်ကျွန်တော်တို့ မန္တလေးနည်းပညာကုမ္ပဏီမှလည်းတက်စွမ်းသမျှပါဝင်ခဲ့ကြပါသည်။ငွေကြေးအားဖြင့်သိန်း(၂၀၀) ခန့်ကို Myanmar Business Executives (MBE)မြန်မာ့စီးပွားစီမံအမှုဆောင်များအသင်းနှင့်ကရုဏာမေတ္တာဖေါင်ဒေးရှင်း(Karuna Mission Social Solidarity-KMSS)ကလေးမြို့တို့မှတစ်ဆင့်လှုဒါန်းခဲ့ကြပါသည်။ ထိုင်းနိုင်ငံမှ Design 103၊ Chuchawal Royal Haskoning၊ နယ်သာလန်နိုင်ငံမှ Royal HaskoningDHV၊ အမေရိကန်နိုင်ငံမှ Michigan Stae University၊ထိုင်းနိုင်ငံမှOPS စသောကုမ္ပဏီများနှင့်မိတ်ဆွေများမှပါဝင်လှုဒါန်းခဲ့ကြပါသည်။ ထိုင်းနိုင်ငံမှ Design 103၊ Chuchawal Royal Haskoning၊ နယ်သာလန်နိုင်ငံမှ Royal HaskoningDHV၊ အမေရိကန်နိုင်ငံမှ Michigan Stae University၊ ထိုင်းနိုင်ငံမှ OPS စသောကုမ္ပဏီများနှင့်မိတ်ဆွေများမှပါဝင်လှုဒါန်းခဲ့ကြပါသည်။

မန္တလေးနည်းပညာကုမ္ပဏီအနေဖြင့်မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော SENTINEL Asia၊ Asian Disaster Preparedness Center (ADPC)၊ Asian Institute of Technology (AIT)၊ Asian Disaster Reduction Center (ADRC)၊ Japan Aerospace Exploration Agency (JAXA)တို့မှရရှိသောဂြိုလ်တုဓါတ်ပုံများ၊ရေကြီးရေလွှမ်းမိုးမှုပြမြေပုံများကို website၊ Face Book နှင့် e-mail တို့မှတစ်ဆင့်အချိန်နှင့်တစ်ပြေးညီစုစည်းဖြန့်ဝေခဲ့ပါသည်။ ရေဘေးကာကွယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် GIS and Remote Sensing နည်းပညာအသုံးချမှုသင်တန်းများကိုလည်းဖွင့်လှစ်ခဲ့ပါသည်။ လစဉ်လည်းဆက်လက်ဖွင့်လှစ်လျက်ရှိပါသည်။

သို့သော်ကျွန်တော်တို့တာဝန်ကျေသည်ဟုမခံစားရပါ။ကျွန်တော်တို့ GIS၊ Remote Sensin လုပ်ငန်းများကိုလုပ်နေကြသော်လည်း သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက်လုံလုံ၊ လောက်လောက်မလုပ်ခဲ့ကြကြောင်းဝန်ခံရပါမည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်ဆိုင်ကလုံးကြောင့်လူဦးရေတစ်သိန်းခွဲခန့်သေကြေပျက်စီးခဲ့ရပြီးနောက်ပိုင်းကျွန်တော်တို့မန္တလေးနည်းပညာကုမ္ပဏီအနေဖြင့်"သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ GIS နှင့် Remote Sensing နည်းပညာ" သင်တန်းများဖွင့်လှစ်ခဲ့ပါသည်။ သို့သော်တကယ်လုပ်ရမည့်သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာမြေပုံများကြိုတင်ပြင်ဆင်ထားခဲ့ခြင်းမရှိခဲ့ပါ။

ကျွန်တော်တို့အားလုံးဘေးအန္တရာယ်ကြုံတွေ့မှထပြီးပြာယာခတ်ခဲ့ကြပါသည်။အပြစ်မဟုတ်သော်ငြားလည်းသင်ခန်းစာမယူတတ်ခဲ့ကြဟုဆိုလျှင်လည်းမလွန်ပါ။ ကျွန်တော်တို့သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်သကဲ့သို့မကျရောက်ခင်ကာလ ကြိုတင်ပြင်ဆင်မှုများရှိခဲ့လျှင်ထိခိုက်ဆုံးရှုံးမှုများသက်သာလျော့ပါးမည်မှာအမှန်ပါ။

ကျွန်တော်တို့ရေဘေးအတွက်လက်တစ်ဖက်ကမ်းခဲ့ကြသော်လည်းအနာဂတ်ဖြစ်လာနိုင်သော သဘာဝဘေးအန္တရာယ်များ အတွက်ကြိုတင်ပြင်ဆင်ကြဖို့ဝိုင်းဝန်းအားထုတ်ကြရန်လိုအပ်နေသေးကြောင်းဝန်ခံကြရပါဦးမည်။

ကျွန်တော်တို့တာဝန်ကျေဖို့ကြိုးစားကြရဦးမည်။

(ဇော်နိုင်)
zawnaing@mandalay-technology.com

# ရေရှည်တည်တံ့ခိုင်မြဲပျော်ရွှင်ဖွယ်ရာရန်ကုန်မြို့ဖြစ်ဖို့



ကျွန်တော်တို့ ရန်ကုန်မြို့ရဲ့မြို့ပြဖွံ့ဖြိုးမှုဟာ ရေရှည်တည်တံ့ခိုင်မြဲပြီး ပျော်ရွှင်ဖွယ်ရာ ဖြစ်ဖို့အတွက်စိန်ခေါ်မှုတွေ အများအပြားကြုံတွေ့နေရပါတယ်။ သိသာထင်ရှားတဲ့စိန်ခေါ်မှုတွေကယာဉ်ကြောကြပ်တည်းတာ၊ နေရာအနှံ့ရေကြီးရေလျှံတာ ၊ မြို့ဧရိယာတိုးချဲ့ဖို့ လိုအပ်တာတွေပါ။

သိပ်မထင်ရှားတဲ့ပြဿနာတွေကတော့ သဘာဝဘေးကြိုတင်ကာကွယ်ဖို့ အားနည်းတာ ၊ မြေအောက်ရေအလွန်အကျွံထုတ်ယူသုံးစွဲမှုကြောင့်ဖြစ်လာနိုင်တဲ့ မြေကျံကျမှုမျိုးတွေ၊ သောက်သုံးရေမလုံလောက်မှုပြဿနာ၊ဆင်းရဲချမ်းသာကွာဟမှု ကြီးမားလာခြင်းရဲ့ အကျိုးဆက်ရာဇဝတ်မှုတွေ၊ နွေရာသီမှာ ကြုံတွေ့ကြရမည့် မီးလောင်မှုတွေ ဖြစ်လာတဲ့အခါ မီးသတ်ကားတွေသွားလာမရတာမျိုးတွေ၊ Public Transportation လို့ခေါ်တဲ့အများပြည်သူစုပေါင်းသွားလာရေးစံနစ်တွေဖြစ်တဲ့ဘတ်စ်ကားတွေ၊ မြေပေါ်မြေအောက်ရထားတွေတိုးချဲ့ဖို့အတွက် အတားအဆီးမျိုးစုံကျော်ဖြတ်ကြရမှာ၊ Green Space လို့ခေါ်တဲ့အစိမ်းရောင်လွင်ပြင်တွေနည်းသထက်နည်းလာတာ ၊ Community Center တွေဖြစ်တဲ့ မွေးရုံ ဘုရားကျောင်း၊ ဘုရားပုထိုးစေတီ၊ ကလေးအားကစားကွင်း၊ အားကစားရုံ အများပြည်သူအပန်းဖြေရာပန်းခြံ၊ ပန်းဥယျာဉ်တွေအရိုးကျတိုးတက်လာဖို့ထက်နည်းသထက်နည်းလာတာ၊ စားဝတ်နေရေးအတွက်ရုန်းကန်ကြရင်းဖြစ်သလိုရှင်သန်ရပ်တည်ကြရလို့ လူနေမှုအဆင့်အတန်းနဲ့ဘဝရဲ့အရည်အသွေးတွေကျဆင်းလာတာ၊ နိုင်ငံရဲ့တံခါးချပ်တွေဖွင့်လှစ်လိုက်လို့ ဝင်ရောက်လာတဲ့ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခြေခံလိုအပ်ချက်တွေ မဖြည့်ဆည်းပေးနိုင်သေးတာ၊ လိုအပ်ချက်တွေ အများအပြားတပြိုင်နက် ဖြေရှင်းနေရတဲ့ ဝန်ထုပ်ဝန်ပိုး (Work Overload) ဖြစ်နေတာ၊ အုပ်ချုပ်ရေးကဏ္ဍ အသီးသီးနဲ့အဆင့်ဆင့်မှာမသိ၊ မတတ်တာတွေအများကြီးရှိနေသေးလို့လုပ်ရင်းသင်၊ သင်ရင်းလုပ်နဲ့ ကြိုးစားနေကြသူတွေ ရှိသလိုကိုယ်ကျိုးစီးပွားအတွက် ကိုယ့်အိတ်ထဲထည့်နေသူတွေ၊ တကယ်ကိုမသိနားမလည်ဘဲ ရမ်းလုပ်နေကြသူတွေအများကြီးရှိနေသေးတာ၊ တပ်မတော်သားဟောင်း အုပ်ချုပ်စီမံခန့်ခွဲသူတွေနဲ့အရပ်သား(ပညာရှင်၊ပညာမရှင်၊ပညာမရှင့်တရှင်)တွေကြားကသဘောထား ရပ်တည်ချက်တွေနဲ့စဉ်းစားပုံစဉ်းစားနည်းမတူကြတာ၊ရှေးဟောင်းအမွေအနှစ်တွေထိန်းသိမ်းကာကွယ်ကြသူတွေနဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက်တည်ဆောက်သူတွေကြားထိတွေ့ပွတ်တိုက်မှုတွေ၊ သယ်ယူပို့ဆောင်ရေးကွန်ယက် (Transpo-rtation and Logistics Network) ကြပ်တည်းလာတာ၊ လေထုညစ်ညမ်းလာတာ၊ လေထုပူနွေးလာတာ၊ မိုးရေချိန်နည်းလွန်းခြင်း၊ များလွန်းခြင်း၊ခန့်မှန်းမရခြင်း ပြဿနာတွေ အစရှိတာတွေပါပဲ။ ထပ်ရေးရင်ခေါင်းစဉ်တွေနဲ့တင်နောက်ထပ်လေးငါးမျက်နှာရှည်သွားဦးမှာပါ။



အဲ့ဒီပြဿနာတွေ၊ စိန်ခေါ်မှုတွေကိုဘယ်သူကရှင်းရမှာလဲ။မြို့တော်ဝန်နဲ့ မြို့တော်စည်ပင်လား၊ ရန်ကုန်တိုင်း ဝန်ကြီးချုပ်လား၊ သမ္မတလား?

" ကျွန်တော်တို့အားလုံးစုပေါင်းဖြေရှင်းကြရမှာပါ။ "ဒါပေမဲ့... လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ဇွန်လ ၂၀ ရက်နေ့ကအင်းယားကန်ဟိုတယ်မှာကျင်းပခဲ့တဲ့ "Urbanization and Sustainability under Global Change and Transitional Economies in Asia" ပညာရပ်ဆိုင်ရာဆွေးနွေးပွဲမှာတော့ ရန်ကုန်မြို့ရဲ့ မြို့ပြဖြစ်စဉ်နဲ့ပြောင်းလဲမှုတွေမှာ ၁၉၈၈ကနေ ၁၉၉၁-၉၂ လောက်အထိ မူဝါဒရေးရာနဲ့ အုပ်ချုပ်စီမံခန့်ခွဲသူတွေ (Policy and Institution) ကအရေးပါတဲ့အခန်းကဏ္ဍက ပါဝင် ခဲ့ကြောင်း၊ ၁၉၉၂နောက်ပိုင်းမှာဈေးကွက်လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောက်လုပ်ခဲ့တဲ့အိမ်ယာတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ အားကောင်းလာခဲ့လို့ Market Forces လို့ခေါ်တဲ့ ဈေးကွက်တွန်းအားတွေက အားသာခဲ့ကြောင်းရန်ကုန်တက္ကသိုလ်ပထဝီဌာနက **ဒေါက်တာဇင်နွယ်မြင့်**က ဆွေးနွေးရှင်းလင်းခဲ့ပါတယ်။

မိုးလေဝသနဲ့ဇလဗေဒပညာရှင်ဆရာ**ဒေါက်တာထွန်းလွင်**ကလည်း ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံဟာ Cimate Change Resilience လို့ခေါ်တဲ့ရာသီဥတုတွေ၊သဘာဝတွန်းအားတွေကြားပြောင်းလဲမှုကိုခံနိုင်စွမ်း၊တွန်းလှန်နိုင်စွမ်းအနည်းဆုံးနိုင်ငံတွေထဲမှာပါနေကြောင်း၊သဘာဝဘေးအန္တရာယ်တွေကိုတွက်ဆပြင်ထားကြဖို့အရေးကြီးကြောင်းဆွေးနွေးခဲ့ပါတယ်။ ၂၀၀၈မှာနာဂစ်ဖြစ်တော့ရောဂတီ

တိုင်းကရွှေ့ပြောင်းလာသူတွေအတွက် ရန်ကုန်မြို့ဟာ ကြိုတင်ပြင်ဆင်မှုမရှိနိုင်ခဲ့တာရယ်၊ အဲ့ဒီအကျိုးဆက်တွေကြောင့် ဒီနေ့လိုင်သာယာရွှေပြည်သာတို့ အပါအဝင် ရန်ကုန်မြို့ဆင်ခြေဖုံးမြို့နယ်အတော်များများမှာ လူဦးရေဖေါင်းပွမှုနဲ့ အထွေထွေကြပ်တည်းမှုတွေဖြစ်နေတာကိုဥပမာတစ်ခုအနေနဲ့ ဆွေးနွေး ရှင်းပြခဲ့ပါတယ်၊

အဲ့ဒီလိုမူဝါဒရေးရာ၊ အုပ်ချုပ်စီမံခန့်ခွဲမှု၊ ဈေးကွက်တွန်းအားကရန်ကုန်မြို့အနေနဲ့ ၂၀၂၅ နဲ့ ၂၀၅၀တို့မှာဘယ်လိုရှိမလဲဆိုတာပုံဖေါ်ဆွေးနွေးကြတဲ့အခါ ရင်ဆိုင်ဖြေရှင်းရမည့်ကိစ္စတွေအများအပြားပေါ်ထွက်လာပါတယ်။

- လူဦးရေကားစီးရေတိုးလာလို့ မြို့ပြဇရိယာရဲ့ထွင်ရမည့်ကိစ္စ
- သယ်သူပို့ဆောင်ရေးကွန်ယက် (Transportation and Logistics Network)တွေ၊ မြို့ပတ်လမ်း(Ring Roads )တွေလူအများသယ်ယူပို့ဆောင်ရေးစံနစ်(Public Transportation Systam)တွေစံနစ်တကျကြိုတင်စီမံချက်ချရေးဆွဲပြီး မြို့ပြစီမံကိန်းထဲမှာပေါင်းစပ်ပါဝင်ဖို့ကိစ္စ
- ကားစီးရေများလာတာကို စီမံခန့်ခွဲမှုနည်းလမ်း၊ အခွန်ကောက်ခံမှုနည်းလမ်း၊ အများသယ်ပို့စံနစ်နည်းလမ်းတွေနဲ့ ထိန်းသိမ်းကွပ်ကဲဖို့ကိစ္စ
- သန့်ရှင်းတဲ့သောက်ရေ ၊သုံးရေလုံလုံလောက်လောက် ရရှိဖို့ကိစ္စ
- ရေဆိုးနဲ့မိလ္လာစွန့်ထုတ်မှုစီမံခန့်ခွဲမှုကိစ္စ
- အများပြည်သူအပန်းဖြေ ၊အနားယူ ၊ စုဝေးပျော်ရွှင်စရာနေရာဌာနတွေဖန်တီးပေးဖို့ကိစ္စ
- မြို့တော်နေလူဦးရေအတွက်လုံလောက်တဲ့စားနပ်ရိက္ခာထုတ်လုပ်သယ်ယူ ၊ ဖြန့်ဖြူးနိုင်ဖို့ကိစ္စ
- စည်ပင်သာယာရေးလုပ်ငန်းတွေမှာမူဝါဒရေးဆွဲသူတွေ၊ စီမံအုပ်ချုပ်အကောင်အထည်ဖေါ်သူတွေ၊ ဈေးကွက်တွန်းအားတွေနဲ့ပြည်သူတွေအားလုံးပူးပေါင်းဆောင်ရွက်ရေးကိစ္စစသဖြင့်တကယ့်ကိုအများအပြားပါပဲ။ဒီလိုနဲ့ အဲ့ဒီကိစ္စတွေအတွက်အဖြေတွေရှာကြတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကညွှန်ကြားရေးမှူး ဒေါ်လိုင်မော်ဦး၊ ရန်ကုန်မြို့တော်စည်ပင်ကဒေါ်နိုင်မိုးညွန့်၊ မီချီဂန်ပြည်နယ်တက္ကသိုလ် (Michigan State University) က Dr. Peilei Fan ၊Dr.Qi ၊ မန္တလေးနည်းပညာတက္ကသိုလ်ကဒေါက်တာကျော်ဇေယျာထွန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ဦးခင်မောင်မောင်၊ မန္တလေးနည်းပညာကုမ္ပဏီရဲ့ နည်းပညာအတိုင်ပင်ခံ Dr. Earl Saxonစတဲ့ ပုဂ္ဂိုလ်တွေကအောက်ပါအချက်တွေကိုဆွေးနွေးခဲ့ကြပါတယ်။
- ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး Master Plan (မဟာဗျူဟာစီမံချက်)ကိုသက်ဆိုင်သူတွေပါဝင်ပြီး (Multi-Stakeholders Participation) နဲ့ရေးဆွဲဖို့
- မြို့သစ်တွေတိုးချဲ့တဲ့အခါမှာလည်းအထက်ကဆွေးနွေးခဲ့တဲ့ Master Planနဲ့ Land Use Plan စံနစ်တကျရေးဆွဲဖို့ ၊ အများပြည်သူအပန်းဖြေ၊ အနားယူရာ နေရာ (Public & Community Centers) တွေ၊ အစိမ်းရောင်လွင်ပြင် (Green Spaces )တွေ၊ မီးတားဇရိယာတွေ၊ ရေထိန်းကန် (Water Retention Areas) တွေ၊ ရေမြောင်းတွေ၊ အများ သယ်ပို့စံနစ် (Public Transportation/Mass Rapid Transportation Systems) တွေအစရှိသည်ဖြင့် ပါဝင်ဖို့
- ရှပ်ဂွတ္တုတွေတိုးတက်ရှိသာမဟုတ်ဘဲ မြို့တော်သူမြို့တော်သားပြည်သူအများရဲ့နေထိုင်မှုအဆင့်မြင့်မားစေရေး ၊ ဘဝအရည်အသွေးတိုးတက်စေရေးအတွက်ထည့်တွက်ဖို့
- မြို့တော်ထဲကို ပြောင်းရွှေ့လာမည့်၊ တိုးတက်လာမည့်လူဦးရေအတွက် ရေ၊ မီး၊ စားနပ် ရိက္ခာ၊ နေစရာ အလုပ်အကိုင်အခွင့်အလမ်း စသည်ဖြင့် ကြိုတင်တွက်ဆပြင်ဆင်ထားဖို့
- သဘာဝပတ်ဝန်းကျင် (Ecology and Environment) နဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်တွေ မထိခိုက်စေရေး ထိန်းသိမ်းဖို့
- စွန့်ပစ်အမှိုက်တွေအတွက်စည်းကမ်းတွေချက်မှတ်ဖို့ ၊ Recycle အဖြစ် ပြန်သုံးနိုင်သမျှ ပြန်သုံးဖို့.
- ရေဆိုးမိလ္လာစွန့်ပစ်မှုစံနစ်ကျဖို့ အတွက်နည်းပညာတွေသုံးဖို့
- သဘာဝဘေးကာကွယ်ရေးအစီအမံတွေ ကြိုတင်ပြင်ဆင်ထားဖို့
- လူဦးရေ ( Population ) စာရင်း ဇယားရွှေ့ပြောင်းမှုပုံစံ (Migration -Trends)၊ မြေအသုံးချမှုမြေပုံ (Land Use Maps )တွေ ၊ မြို့သစ်စီမံကိန်းတွေ၊ အများသယ်ပို့စံနစ်စီမံကိန်း (Public Transport planning and project) တွေအတွက် Data သတင်းအချက်အလက်တွေပြည့်စုံအောင် စုဆောင်းပြီး GIS ၊ Remote Sensing နည်းပညာတွေအကူအညီနဲ့ Land Use Plan ၊ Master Plan ၊ Development Plan တွေ စံနစ်တကျရေးဆွဲ၊ စဉ်ဆက်မပြတ်ဖြည့်စွက်ပြင်ဆင် (Update လုပ်ပြီး) ရေရှည်တည်တံ့ခိုင်မြဲပြီး ပျော်ရွှင်ဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဖို့အစရှိသည်ဖြင့်ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ (NASA - National Aeronautical and Space Administration) ရဲ့ ပံ့ပိုးကူညီမှုနဲ့ မီချီဂန်ပြည်နယ်တက္ကသိုလ် (Michigan State University– MSU)ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုနှင့် ကမ္ဘာမြေစောင့်ကြည့် လေ့လာရေးဗဟိုဌာန(Center for Global Change and Earth Observations – CGCEO)နဲ့မန္တလေးနည်းပညာ(Mandalay Technology) ကုမ္ပဏီတို့ ပူးပေါင်းကျင်းပခဲ့ကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန် တက္ကသိုလ်၊မန္တလေးနည်းပညာတက္ကသိုလ်၊ ပုဂံစည်ပင်သာယာရေးအဖွဲ့၊ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနတို့ကသက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ ပညာရှင်တွေ၊ပြင်ပပညာရှင်တွေ တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။

**ရေရှည်တည်တံ့ခိုင်မြဲပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အတိဖြစ်တဲ့ရန်ကုန်မြို့တော် ဖြစ်စေဖို့ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ ၊**

( ဇော်နိုင် )
zawnaing@mandalay-technology.com

MICHIGAN STATE UNIVERSITY · Center for GLOBAL CHANGE & Earth Observations, Michigan State University · MANDALAY technology, Technologies for Development

***"Urbanization and Sustainability Under Global Change and Transitional Economies"***

**Technical Seminar cum Workshop**
**YANGON, MYANMAR**



**Prof. Jiaguo Qi**
Director
CGCEO, MSU



**Prof. Peilei Fan**
Lead Scientist



**Prof. Jiquan Chen**
Co-Lead Scientist

SENA Project, NASA LCLUC Program



**Zaw Naing**
Myanmar Collaborator
Mandalay Technology




## Photo News




အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင်ကျင်းပခဲ့သော Global Educational Supplies and Solutions Conference and Exhibition သို့တက်ရောက်ခဲ့ကြသော မြန်မာနည်းပညာကုမ္ပဏီမှကိုယ်စားလှယ်များ



အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင်ကျင်းပခဲ့သော Intergraph PPM ကွန်ဖရန့်သို့တက်ရောက်ခဲ့သော မြန်မာနည်းပညာကုမ္ပဏီမှ ကိုယ်စားလှယ်များနှင့် Intergraph Corporation ၏ Vice President Mr.Franz Kufner နှင့် အဆင့်မြင့်အရာရှိများအမှတ်တရဓာတ်ပုံ

# Engineering Consultancy Services

. Construction Management
. Quality Control and Quality Assurance
. Engineering Design Services
  . Architectural Design
  . M&E Design
  . Structural Design
. Local Professional Support



# Reference Projects



. Lashio and Loikaw Hospitals
. New Yangon General Hospital
. Yangon Technological University Research Center
. Myanmar Gems and Jewelry Entrepreneur Association's One Stop Service Center and Training Center Projects
. Myanmar Ta-kaung's Office and Warehouse
. Taungoo Education College
. Star City Zone C Project
. Ocean Monywa









# အင်တာဂရပ် (Intergraph) အင်ဂျင်နီယာဒီဇိုင်းဆော့ဖ်ဝဲစနစ်များ

မန္တလေးနည်းပညာကုမ္ပဏီနှင့်အမေရိကန်နိုင်ငံ Intergraph Corporation တို့ပူးပေါင်း၍ "Enterprise Engineering Systems for the Power, Process and Marine Industries" ခေါင်းစဉ်ဖြင့် ၁၈၊၆၊၂၀၁၅ မှ ၂၀၊၆၊၂၀၁၅ ရက်နေ့အထိရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊နေပြည်တော်ရှိစွမ်းအင်ဝန်ကြီးဌာနနှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် နည်းပညာဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုကျင်းပခဲ့ပါသည်။

Intergraph ၏ အင်ဂျင်နီယာဒီဇိုင်းဆော့ဖ်ဝဲများသည် အသုံးပြုရအလွန်လွယ်ကူရှင်းလင်းပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာအင်ဂျင်နီယာဒီဇိုင်းလုပ်ငန်းများအတွက် ပြည့်စုံကောင်းမွန်သဖြင့် နိုင်ငံတကာရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ ၊ EPC ကန်ထရိုက်တာကုမ္ပဏီများ၊ အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီများအားလုံးနီးပါးမှ -

(၁)ကမ်းလွန်ရေနံတူးစင်(Offshore Platforms) များတည်ဆောက်ရေး

(၂)ရေနံချက်စက်ရုံ (Refineries) များရေနံဓါတုစက်ရုံ (Petrochemical Plants)၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ

(၃)သင်္ဘောများတည်ဆောက်ခြင်း

(၄)ပိုက်လိုင်းတည်ဆောက်ရေးများလုပ်ငန်း၌ အသုံးပြုလျက်ရှိကြပါသည်။

Intergraph ၏ အင်ဂျင်နီယာဒီဇိုင်းဆော့ဖ်ဝဲလ် များသည် -

(၁) အခြားသာမန် Computer Aided Design (CAD) Software များကဲ့သို့ သာမန်မျဉ်းအမှတ်အသားများ၊ လိုင်းများ၊ စက်ဝိုင်းများ၊ အတိုင်းအတာများ၊3D ပုံများရေးဆွဲခြင်းမဟုတ်ပဲ အင်ဂျင်နီယာတစ်ဦးအနေဖြင့်လိုချင်သောစက်ပစ္စည်းများ၊ကိရိယာများ၊နေရာချသကဲ့သို့ ကွန်ပြူတာပေါ်တွင်နေရာချလိုက်ရုံဖြင့်ပစ္စည်းအစိတ်အပိုင်းတစ်ခုနှင့်တစ်ခုဆက်သွယ်ပေးပြီး အချိန်တိုအတွင်းအင်ဂျင်နီယာဒီဇိုင်းများရေးဆွဲပေးနိုင်ပါသည်။

(၂) အင်ဂျင်နီယာလုပ်ငန်းတစ်ခုတွင် ဌာနတစ်ခုနှင့်တစ်ခုမတူညီသောအပိုင်းများကိုတာဝန်ယူရေးဆွဲကြရသည့်အခါထိုအပိုင်းများကို ပြန်လည်ပေါင်းစပ်ခြင်း၊ ပြုပြင်ပြောင်းလဲမှုများရှိသည့်အခါအခြားသက်ဆိုင်ရာဌာနမှဒီဇိုင်းများကိုလိုအပ်သလိုပြောင်းလဲနိုင်ရန်အကြောင်းကြားပေးခြင်းစသည်ဖြင့်လုပ်ငန်းတစ်ရပ်လုံး၏ အင်ဂျင်နီယာဒီဇိုင်းများကိုဆက်စပ်၊ ပေါင်းစပ်ပေးပါသည်။

(၃)တည်ဆောက်ပြီးနောက်လုပ်ငန်းလုပ်ဆောင်နေသည့် Operation ကာလတွင်လည်း Engineering Data များအားလုံးကိုလည်းကောင်း၊ ပြုပြင်ပြောင်းလဲမှုများကိုလည်းကောင်း၊ စနစ်တကျ ထိန်းသိမ်းပေးရုံမကအခြားအင်ဂျင်နီယာ၊ စာရင်းအင်း၊ စီမံခန့်ခွဲမှု, Software ၊ Hardware ၊ Instrument များနှင့်လည်းတွဲဖက်၍ Data များကိုထိန်းသိမ်းထားနိုင်ပါသည်။

(၄)ထိန်းသိမ်းထားသော Data အချက်အလက်များအပေါ်အခြေခံ၍ ပြုပြင်ထိန်းသိမ်းရေး(Maintenance) လုပ်ငန်းများတွင် အလွန်အသုံးဝင်ပါသည်။

(၅) Project Procurement & Construction စီမံကိန်း ဝယ်ယူရေးနှင့်တည်ဆောက်ရေးလုပ်ငန်းအဆင့်၌လည်းလိုအပ်သောသတင်းအချက်အလက်များကိုအလွယ်တကူထုတ်ယူသုံးစွဲနိုင်ပြီး၊ စီမံကိန်းအထောက်အကူပြုနည်းစနစ်အဖြစ်အသုံးပြုနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ရေနံနှင့်ဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ၊ ရေနံချက်သဘာဝစက်ရုံများ၊ ရေနံဓာတုစက်ရုံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ အင်ဂျင်ဒီဇိုင်းများကို နိုင်ငံတကာတွင်အသုံးပြုလျက်ရှိကြသောအင်ဂျင်နီယာဒီဇိုင်းစနစ်ဖြင့်ရေးဆွဲ၊ ထိန်းသိမ်း၊ အသုံးပြုနိုင်ရေးတို့အတွက် မန္တလေးနည်းပညာကုမ္ပဏီ(Mandalay Technology Company) မှ တတ်နိုင်သည့်ဘက်မှကြိုးပမ်းဆောင်ရွက်ပေးသွားရန်ဆန္ဒရှိပါကြောင်းနှင့်တိုင်းပြည်တိုးတက်ရေးအတွက်လိုအပ်နေသောနည်းပညာများကိုသက်ဆိုင်ရာနေရာများတွင်ပါဝင်တင်ပြခွင့်ရသောကြောင့်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း GeoSparks မှတစ်ဆင့် တင်ပြအပ်ပါသည်။



မန္တလေးနည်းပညာတက္ကသိုလ်တွင် Mr. Ray Howarth မှ Intergraph Software များအကြောင်း ရှင်းလင်းပြောကြားနေစဉ်



# BOOST PRODUCTIVITY BY 30 PERCENT

## Intergraph Smart™ 3D



Gain a competitive edge and accelerate projects with Intergraph Smart 3D, the first and only next-generation 3D plant design solution for the process, power, and marine industries. Smart 3D delivers at least 30 percent more productivity than any other system available today.

Smart 3D now offers powerful rules and relationships that automate repetitive tasks, enforce design standards, ensure design integrity, and protect design consistency. Benefit from enhanced support for mega-projects thanks to global worksharing, model data reuse, and safety-centric rules.

See demonstrations, case studies, webinars, and more.

www.intergraph.com/go/smart3d

INTERGRAPH

PART OF HEXAGON

© Intergraph Corporation. All rights reserved. Intergraph is part of **Hexagon**. Intergraph and the Intergraph logo are registered trademarks and Intergraph Smart is a trademark of Intergraph Corp. or its subsidiaries in the United States and in other countries.

# MANDALAY technology — Leader in GeoSpatial Industry

Technologies for Development

**Geospatial Solutions and Services**

- GIS Solutions and Services
- Remote Sensing Applications
- Surveying/ Mapping
- Geotechnical Investigation
- Hydrological and Marine Survey

**Our Geospatial Technology Partners**

ESRI · forest inform · VISIONMAP Digital mapping systems · IC&C INDOCHINES CONSULTANT & COMMERCIAL JSC

Aerial Photography

Satellite Image processing

Field Survey

Hydrographic Survey

GeoTechnical Survey





River GIS

Transportation GIS

Health GIS

Schools GIS

Irrigation GIS

Flood Risk Mapping

Archaeological GIS

Rice Yield Forecasting

Forestry GIS

Earthquake Mapping



Web-GIS Seminar and Workshop.

We work with multi-stakeholders to bring about the positive changes using the geospatial technologies.





GIS Seminar and Workshop. At Yangon University

# မောင်းသူမဲ့လေယာဉ်ဒရုန်း(Drone)များ



မောင်းသူမဲ့လေယာဉ် (UAV-Unmanned Aerial Vehicle) အပေါ်စား ဒရုန်း (Drone) များကိုယခုအခါနယ်ပယ်မျိုးစုံအသုံးချမှုပုံစံမျိုးစုံဖြင့်အသုံးပြုနေကြပါသည်။ ဝေဟင်တွင်ပျံနိုင်သောအပေါ်စားလေယာဉ်ငယ်ကိုအဝေးမှထိန်းချုပ်၍ မောင်းနှင်ပျံသန်းခြင်းဖြစ်သည်။

ဒရုန်း (Drone)များကိုစစ်သုံးအဖြစ်သာ အသုံးပြုခဲ့ကြပြီး ယခုအခါ အရပ်ဖက်တွင် ရဲဌာနများ၊ မီးသတ်တပ်ဖွဲ့များ၊လျှပ်စစ်နှင့်ပိုက်လိုင်းများ လုံခြုံရေးအတွက် အသုံးပြုနေရုံ သာမက ရုပ်ရှင်ရိုက်ကွင်းများ၊ မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးခြင်းများအတွက်ပါ အသုံးပြုနေကြပါသည်။ ထို့အပြင်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ မဟာဓါတ်အားလိုင်းနှင့်ပိုက်လိုင်းများစစ်ဆေးခြင်း၊ ဝေးလံခေါင်သီသောဒေသများသို့ဆေးဘက်ဆိုင်ရာထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ခြင်း၊ စစ်ဖက်ရေးရာကိစ္စများတွင်ကင်းထောက်စစ်ဆေးခြင်းအစရှိသဖြင့်မိမိတို့သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင်တွင်ကျယ်ကျယ်အသုံးပြုလာကြပါသည်။

ဒရုန်း(Drone)များကိုကောင်းကင်ဓါတ်ပုံရိုက်ကူးခြင်း (Aerial Surveying)နှင့်မြေပုံအမြန်ထုတ်လုပ်ခြင်း(Fast Mapping)လုပ်ငန်းများတွင်လည်းအသုံးပြုလျက်ရှိကြပါသည်။ မိမိတို့ဆောင်ရွက်မည့်စီမံကိန်းဧရိယာကို ကြိုတင်လေ့လာနိုင်ခြင်း ၊ အလွယ်တကူလျင်မြန်စွာမြေပုံထုတ်နိုင်ခြင်း၊ ကောင်းကင်ဓာတ်ပုံအလွယ်တကူရရှိနိုင်ခြင်း၊ အစရှိသောအကျိုးကျေးဇူးများကိုကုန်ကျစရိတ်သက်သာစွာရရှိနိုင်ကြပါသည်။

ဥပမာ - လျှပ်စစ်ဓာတ်အားလိုင်းမဟာဓါတ်အားလိုင်းအတွက်လမ်းအူကြောင်းရှာဖွေရာတွင် ဓာတ်ပုံရိုက်ကူးခြင်းနှင့်မြေပုံထုတ်ခြင်း လုပ်ငန်းများကိုဒရုန်း (Drone)တွင်တပ်ဆင်ထားသောကင်မရာဖြင့်ရိုက်ကူးပြီး ရရှိလာသောကောင်းကင်ဓါတ်ပုံများကို Photogrammetry နည်းပညာကိုအသုံးပြု၍ DEM (Digital Elevation Model) နှင့် DTM (Digital Terrain Model)သုံးဖက်မြင်ရုပ်လုံးကြွမော်ဒယ်များထုတ်ယူ၍လမ်းအူကြောင်းကိုရှာဖွေနိုင်ပြီးတိုင်းတာမြေပုံထုတ်နိုင်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များဖြစ်သောရေကြီးခြင်း၊မြေပြိုခြင်း၊ငလျင်လှုပ်ခြင်းနှင့်မုန်တိုင်းဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ပြီးနောက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်ကောင်းကင်ဓါတ်ပုံမြေပုံများထုတ်လုပ်ခြင်း၊ DEM နှင့် DTM များထုတ်လုပ်ခြင်းကွန်တိုမြေပုံContour Map များထုတ်လုပ်ခြင်းအတွက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ရေဘေးသင့်ဒေသများအတွက်မြေပုံထုတ်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများကိုတွက်ချက်ခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်း၊ ကျေးရွာများပျက်စီးသွားခြင်း အသစ်ဖြစ်ပေါ်လာသော မြစ်ကျိုးချောင်းကျိုးများ၊ ရေပိုလွှဲများနှင့် ရွှေ့ပြောင်းကျေးရွာများအား မြေကွက်အသစ်ဖေါ်ထုတ်ခြင်းလုပ်ငန်းများအစရှိသောပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဒရုန်း(Drone )များကိုအသုံးပြုနိုင်ပါသည်။



မျိုးဇော်ဦး
myozawoo@mandalay-technology.com

# ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်မြန်မာနိုင်ငံ

ရန်ကုန် Rotary Club မှာ MOGSS (Myanmar Oil and Gas Services Society) ရဲ့ ဥက္ကဋ္ဌ၊ ဦးကျော်ကျော်လှိုင်ကမြန်မာနိုင်ငံရဲ့ရေနံနဲ့သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းတွေမှာအခွင့်အလမ်းတွေအများကြီးရှိကြောင်း၊ရေနံဈေးနှုန်းတွေကျဆင်းနေပေမဲ့မြန်မာနိုင်ငံအတွက်ထိခိုက်မှု သိပ်မရှိကြောင်း၊ မြန်မာနိုင်ငံရဲ့အဓိကထုတ်ကုန်က ရေနံမဟုတ်ဘဲသဘာဝဓါတ်ငွေ့ဖြစ်ပြီးသဘာဝဓါတ်ငွေ့လိုအပ်ချက်ကြီးမားတဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ကမဝယ်မဖြစ်ဝယ်ယူနေပြီးသဘာဝဓါတ်ငွေ့ဈေးနှုန်းကရေနံဈေးနှုန်းလောက် ကျမနေတာကြောင့်ဖြစ်ကြောင်း၊ ဒါ့အပြင်မြန်မာနိုင်ငံရဲ့ကမ်းလွန်ရေနံ၊ သဘာဝဓါတ်ငွေ့လုပ်ကွက်တွေမှာ နိုင်ငံတကာက Shell၊ BPစတဲ့ ကုမ္ပဏီတွေဝင်လာတဲ့ခါမှာနိုင်ငံအနေနဲ့စီးပွားရေးဖွံ့ ဖြိုးတိုးတက်ဖို့တိုင်းပြည်ဝင်ငွေတိုးလာမှာဖြစ်သလိုမြန်မာကုမ္ပဏီတွေ၊ မြန်မာတွေအတွက် အလုပ်အကိုင်၊ စီးပွားရေးအခွင့်အလမ်းတွေအများကြီးပွင့်လာမှာဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ကျွမ်းကျင်တဲ့ အင်ဂျင်နီယာတွေအတတ်ပညာရှင်၊ အသိပညာရှင်တွေ၊ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်တဲ့ကုမ္ပဏီတွေ ဖြစ်ဖို့ ပြင်ဆင်ထားကြဖို့ အရေးကြီးကြောင်း ပြောခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမှာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့က ကျင်းပခဲ့တဲ့ အင်တာဂရပ် (Intergraph) ရဲ့ EPC နည်းပညာကွန်ဖရင့်မှ Intergraph PP&M Asia-Pacificရဲ့ Executive Vice-president Mr. Franz Kufner ကအဖွင့်မိတ်ဆက်စကားပြောတဲ့အခါ ပရိတ်သက်ကို မေးခွန်းနှစ်ခုအရင်မေးခဲ့ပါတယ်။

(၁) ပရိတ်သတ်တွေထဲမှာ ဘယ်နှစ်ဦးလောက်မိမိရဲ့ပတ်ဝန်းကျင်နဲ့မိမိရဲ့လုပ်ငန်းခွင်ထဲမှာသိသာထင်ရှားတဲ့ အပြောင်းအလဲတွေတွေ့နေကြုံနေကြပါသလဲ ? (ပရိတ်သတ်တော်တော်များများလက်ထောင်ကြပါတယ်။)

(၂) အဲ့ဒီလိုအပြောင်းအလဲတွေတွေ့ကြုံနေကြသူတွေထဲမှာဘယ်နှစ်ဦးလောက်အပြောင်းအလဲကိုရင်ဆိုင်ဖို့ ပြင်ဆင်ထားပါသလဲ? (ပရိတ်သတ် (၁၀၀)ကျော်ထဲမှာ (၆)ဦးလောက်လက်ထောင်ပါတယ်။)

ကျွန်တော့်မေးခွန်းတွေကို ကျွန်တော် ဉာဏ်မှီသလောက် ဖြေကြည့်မိပါတယ်။

<u>ကောင်းသောပြောင်းလဲခြင်း</u>

မြန်မာနိုင်ငံရဲ့စီးပွားရေးကိုသဘာဝဓါတ်ငွေ့ကရတဲ့ဝင်ငွေတွေနဲ့ကျားကန်ထားတာဆယ်စုနှစ် သုံး၊ လေးစုလောက်ရှိခဲ့ပါပြီ။

အခုကုန်းပေါ်နဲ့ ကမ်းလွန်ရေနံနဲ့သဘာဝဓါတ်ငွေ့လုပ်ကွက်တွေအများကြီးထပ်ပြီးချပေးလိုက်လို့



ဦးကျော်ကျော်လှိုင်နဲ့ Mr. Franz Kufner တို့ရဲ့ပြောကြားကြားချက်နဲ့မေးခွန်းတွေကိုဆက်စပ်ပြီးကျွန်တော့စိတ်ထဲမှာမေးခွန်းနှစ်ခုပေါ်ပေါက်လာပါတယ်။

(၁) မြန်မာနိုင်ငံရဲ့ရေနံနဲ့သဘာဝဓါတ်ငွေ့ကဏ္ဍဟာ မြန်မာနိုင်ငံအတွက်မြန်မာကုမ္ပဏီတွေအတွက်မြန်မာတွေအတွက်အခွင့်အလမ်းဆိုရင်ကောင်းတဲ့ပြောင်းလဲခြင်း (Positive Change)လို့ဆိုရမှာပေါ့။ ဒါဆိုအနုတ်လက္ခဏာပြောင်းလဲခြင်း (Negative Change ) တွေကောရှိလား ?

(၂) အဲ့ဒီ "အပေါင်းလက္ခဏာအပြောင်းအလဲ" နဲ့ "အနုတ်လက္ခဏာအပြောင်းအလဲ"နှစ်မျိုးစလုံးအတွက်မြန်မာနိုင်ငံအနေနဲ့၊ မြန်မာကုမ္ပဏီတွေအနေနဲ့၊ မြန်မာတွေ အနေနဲ့ ဘယ်လောက်ပြင်ဆင်ထားကြပါပြီလဲ၊ ဘာတွေပြင်ဆင်ကြရမလဲ ?

နိုင်ငံခြားကုမ္ပဏီတွေ အများကြီးထပ်ဝင်လာပြီးရှာဖွေ၊ တူးဖေါ်ရေးတွေလုပ်ဖို့ပြင်ဆင်နေကြပါပြီ။ တယ်လီနော(Telenor)နဲ့အူရီဒူး (Ooredoo) ဆက်သွယ်ရေးကုမ္ပဏီနှစ်ခုဝင်လာတဲ့အခါမှာ သူတို့ရင်းနှီးမြှုပ်နှံတဲ့ဆက်သွယ်ရေးအခြေခံအဆောက်အအုံတွေ၊ တာဝါတိုင်တွေ၊ ဖိုက်ဘာကြိုးတွေ တည်ဆောက်၊ ဆက်သွယ်ဖို့အတွက် မြန်မာကုမ္ပဏီတွေ၊မြန်မာတွေ အလုပ်ရကြပါတယ်။

အဲဒီ့ဆက်သွယ်ရေးကုမ္ပဏီ (၂)ခုကငါးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာနှစ်ဘီလီယံ(သန်း ၂၀၀၀)လောက်ရင်းနှီးမြှုပ်နှံမှာပါ။ တစ်နှစ်မှာပျမ်းမျှသန်း(၄၀၀) လောက်စီးဝင်မှာပါ။

ဒါပေမဲ့ရေနံနဲ့ သဘာဝဓါတ်ငွေ့ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုက(၂)နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ(၅)ဘီလီယံ(သန်း ၅၀၀၀) လောက်ရှိမယ်လို့တွက်ချက်ခန့်မှန်းရပါတယ်။တစ်နှစ်ပျမ်းမျှသန်း(၂၅၀၀)လောက်ရင်းနှီးမြှုပ်နှံကြမှာပါ။အခွင့်အလမ်းတွေအများကြီးပါပဲ။

<u>အနုတ်လက္ခဏာများ</u>

Myanmar Responsible Business Centre ကမြန်မာနိုင်ငံတာဝန်ယူသောစီးပွားရေးလုပ်ငန်း ဗဟိုဌာနမြန်မာ့ရေနံနဲ့ သဘာဝဓါတ်ငွေ့ကဏ္ဍရဲ့ အကျိုးသက်ရောက်မှုလေ့လာဆန်းစစ်ချက် Sector wide Impact Assessment တစ်ခု ရေးသားဖြန့်ချီခဲ့ပါတယ်။ အင်တာနက်ပေါ်မှာအလွယ်တကူရှာဖွေ ဖတ်ရှုနိုင်ပါတယ်။

ကျွန်တော့အမြင်အရတော့ အနုတ်လက္ခဏာတွေအနေနဲ့

(၁) မြန်မာကုမ္ပဏီတွေ၊ မြန်မာတွေအတွေ့အကြုံနဲ့ကျွမ်းကျင်မှုအားနည်းလို့ အခွင့်အလမ်းတွေကို နိုင်ငံခြားကုမ္ပဏီတွေ၊ နိုင်ငံခြားသားတွေကပဲအများဆုံးရယူသွားမှာ

(၂) သဘာဝပတ်ဝန်းကျင်နဲ့လူမှုပတ်ဝန်းကျင်ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ဖို့မြန်မာနိုင်ငံအစိုးရရဲ့ သက်ဆိုင်ရာဌာနတွေမှာထိန်းကျောင်းကွပ်ကဲဖို့ ကျွမ်းကျင်မှု၊ နည်းဥပဒေ၊ ဥပဒေတွေအားနည်းလို့ အနုတ်လက္ခဏာ ထိခိုက်နစ်နာမှု ဖြစ်နိုင်ခြေများတာ

(၃) မြန်မာနိုင်ငံ အစိုးရအနေနဲ့ နိုင်ငံစုံကရေနံနဲ့သဘာဝဓါတ်ငွေ့ကုမ္ပဏီတွေ အမြောက်အများနဲ့ အကျိုးအမြတ်ခွဲဝေရယူတဲ့ဖက်စပ်လုပ်ငန်းတွေအဖြစ်လက်တွဲဆောင်ရွက်တဲ့အခါမှာသက်ဆိုင်ရာဌာနတွေမှာရှိတဲ့လူအရေအတွက်ကနည်းပြီးလုပ်ကိုင်နိုင်စွမ်း(Capacity) ကလည်းအားနည်းတော့ လစ်ဟာချက်၊ ကွက်လပ်အများအပြားတွေ့ရမှာ

(၄) အစိုးရဌာနတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေ၊ စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တွေမှာ နည်းပညာကျွမ်းကျင်မှုအားနည်းမှုကြောင့် ရှုန်းကန်ကြရမှာစတာ

တွေတွေမြင်မိပါတယ်။

ဘာတွေပြင်ဆင်သင့်သလဲ ?

ကျွန်တော်တို့ ဒီနေ့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေ၊ ပြဿနာတွေရဲ့အဓိကအကြောင်းအရင်းက **"ကမ္ဘာကြီးနဲ့ မျက်ခြေပြတ်ခဲ့မှု"** တစ်နည်းအားဖြင့် "နှစ်ပေါင်းများစွာတံခါးပိတ်နေခဲ့လို့ Exposure လို့ခေါ်တဲ့အတွေ့အမြင်တွေအားနည်းတာ" အသစ်တီထွင်(Innovation) ဖို့နေနေသာသာ ဒီနေ့ကမ္ဘာကြီးရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေနဲ့ အခြေခံကျွမ်းကျင်တတ်မြောက်ရမည့်အရာတွေကိုပြည့်ပြည့်ဝဝမသိ၊ မမြင်၊ မကျွမ်းကျင်မှုပါပဲ။

အဲဒီတော့ ကျွန်တော်တို့အဓိက အားထုတ်ရမှာက လေ့လာသင်ယူကြဖို့ပါ။ ဒါပေမဲ့ကျွန်တော်တို့အားလုံးတက္ကသိုလ်၊ကောလိပ်တွေသွားပြန်တက်ဖို့မဆိုလိုပါဘူး။ ကျွန်တော်ကြိုက်တဲ့စကားလုံးလေး တစ်လုံးဖြစ်တဲ့ "Leaning by Doing" ဆိုတဲ့အတိုင်း " လုပ်ရင်း သင်ယူကြဖို့ " ပါ။

ခေတ်နောက်ကျကျန်ခဲ့လို့ ထိုင်ပြီး မှိုင်နေလို့မရပါဘူး။လုပ်ရင်းသင်ယူကြရပါမယ်။နိုင်ငံခြားသားတွေ၊ နိုင်ငံခြားကုမ္ပဏီတွေနဲ့ရင်ဆိုင် ယှဉ်ပြိုင် (ဒါမှမဟုတ်) အတူတွဲလုပ်ကြတဲ့အခါအားငယ်တာ၊သူတို့ကိုမနာလိုတာ၊မကျေနပ်တာမျိုးဖြစ်လို့ မရပါဘူး။သူတို့ဆီက သင်ယူလေ့လာသင့်တာတွေကို "လုပ်ရင်းသင်ယူကြရပါမယ်"။တိုင်းပြည်အတွက်၊သဘာဝပတ်ဝန်းကျင်အတွက်၊ လူမှုအသိုင်းအဝိုင်းအတွက် ထိခိုက်နစ်နာမှု ဖြစ်နိုင်တာတွေမြင်တဲ့အခါ အစိုးရကို၊ ကုမ္ပဏီတွေကိုအပြစ်ဖို့ ဝေဖန်နေရုံနဲ့ အကောင်းတွေဖြစ်မလာပါဘူး။ ဝိုင်းဝန်းတည့်မတ်၊ပြင်ဆင်ပြီးတိုင်းပြည်ကို၊သဘာဝပတ်ဝန်းကျင်ကို၊ ကိုယ့်လူတွေကိုကာကွယ် စောင့်ရှောက်ကြရပါမယ်။ ဒါလည်း လုပ်ရင်းသင်ယူကြရပါမယ်။နည်းပညာတွေမတတ်ကျွမ်းလို့စိတ်ပျက်အားငယ်နေဖို့မလိုပါဘူး။အရင်ကတယ်လီဖုန်းဆိုတာချမ်းသာသူတွေပဲကိုင်နိုင်ခဲ့တာပါ။ ဒီနေ့တော့လူတိုင်းလိုလိုတယ်လီဖုန်းကိုင်နိုင်ကြရုံမကပါဘူး၊ စမတ်ဖုန်း(Smart Phone)တွေသုံးပြီး ဓါတ်ပုံတွေပို့တာ၊ သီချင်းတွေ၊ ဗီဒီယိုဖိုင်တွေပို့တာတွေကိုအလွယ်တကူလုပ်နိုင်ကြပါတယ်။မြန်မာတွေဟာသင်ယူလွယ်၊ တတ်မြောက်လွယ်ကြပါတယ်။ ကျွန်တော်တို့ "လုပ်ရင်းသင်ယူကြရပါမယ်" ။

ရေနံနဲ့သဘာဝဓါတ်ငွေ့ကဏ္ဍဟာမြန်မာနိုင်ငံအတွက် ၊ မြန်မာကုမ္ပဏီတွေအတွက်၊ မြန်မာတွေအတွက်အခွင့်အလမ်းတွေ အများအပြားရှိနေသလိုစိန်ခေါ်မှုတွေ၊ အန္တရာယ်လက္ခဏာတွေလည်းရှိတယ်ဆိုတာသတိပြုကြရမှာပါ။ **ကျွန်တော်တို့အားလုံး" လုပ်ရင်းသင်ယူကြပြီး " အနာဂတ်မြန်မာနိုင်ငံကို အကောင်းဆုံးဖြစ်ဖို့ ပြင်ဆင်ကြပါစို့။**




## ထိုင်းနိုင်ငံမှ ထိပ်တန်းဗိသုကာကုမ္ပဏီ Design-103 မြန်မာနိုင်ငံရောက်ရှိ



တောင်ငူပညာရေးကောလိပ်

DESIGN103international
ARCHITECTS / CONSULTANTS

ထိုင်းနိုင်ငံဘန်ကောက်မြို့မှ Design-103 International (Architects/Consultants) ကုမ္ပဏီသည် ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

Design-103 ကုမ္ပဏီသည် ဗိသုကာဒီဇိုင်းလုပ်ငန်းများအပြင် Project Management & Construction Management စသည့် လုပ်ငန်းများကိုလည်း မန္တလေးနည်းပညာကုမ္ပဏီ(Mnadalay Technology Company)နှင့်အတူ မိတ်ဖက်အင်ဂျင်နီယာအကြံပေးကုမ္ပဏီအဖြစ်လက်တွဲလုပ်ဆောင်လျက်ရှိပါသည်။

မန္တလေးနည်းပညာကုမ္ပဏီမှ မစောလှဲ့ချိုသည် Design-103 Company (Thailand) သို့ ၂၀၁၄ ဒီဇင်ဘာလမှစတင်၍ On Job Training အဖြစ်သွားရောက်ခဲ့ပါသည်။

"Design Is At The Heart Of Our Work" စာသားလေးကို Design-103 Company ၏ Profile တွင် မြင်တွေ့ရပါသည်။ ထိုကုမ္ပဏီတွင်အဆောက်အဦးတစ်လုံးအတွက် Design Base စတင် စဉ်းစားပုံမှာ ရိုးစဉ်းလွန်းလှပါသည်။

Design-103 Company ၏ Profile မျက်နှာစာတွင်ဂုဏ်ယူစွာဖြင့်ဖော်ပြထားသည့် The WaveFacade Building Design သည် ပင်လယ်ရေလှိုင်းအား အခြေပြုမှီငြမ်းထားခြင်းဖြစ်ကြောင်းကို Design-103 ကုမ္ပဏီဝက်ဘ်ဆိုဒ်တွင်ဖော်ပြထားပါသည်။

Design-103 ကုမ္ပဏီ၏ ဒီဇိုင်းစတင်အခြေခံရာအရပ်သည် သဘာဝပတ်ဝန်းကျင်ကို သာများစွာအခြေခံထားခြင်းဖြစ်သည်ဟု မစောလှဲ့ချိုကဆိုပါသည်။

Design-103 ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင်ဂျပန်အစိုးရအထောက်အပံ့ဖြင့်တည်ဆောက်လျက်ရှိသောစီမံကိန်းများဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ် Research Center၊ တောင်ငူပညာရေးတက္ကသိုလ်၊ လားရှိုးပြည်သူ့ဆေးရုံစီမံကိန်းများ။ ပုဂ္ဂလိကစီမံကိန်းဖြစ်သော River Side ကွန်ဒိုမီနီယံ စီမံကိန်းစသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတတ်ရေး၊ တည်ဆောက်ရေးလုပ်ငန်း များ၌ ဗိသုကာဒီဇိုင်းပညာရပ်များဖြင့် ပါဝင်ဆောင်ရွက်သွားရန်ရည်သန်ပါသည်။

ဆက်သွယ်ရန်
မနှင်းသန္တာထွန်း
(09-428145649)
hnin@d103group.com

# TERCO





**PST 2200**

**Power System Simultor**

**Laboratory**

# PIGNAT

## Process engineering Solutions



# NeuLog Logger Sensors



သွေးဖိအား (Blood Pressure) စမ်းသပ်နေပုံ




Neulog Logger Sensor များဖြင့် ရာသီဥတု၊ အပူချိန် (Temperature)၊ လေတိုက်နှုန်း၊ ခန္ဓာကိုယ်သွေးဖိအား၊ ပတ်ဝန်းကျင်ရှိရေငွေ့စိုထိုင်းမှု၊ ဓာတ်ငွေ့ (oxygen ၊ $CO_2$ စသည် ပါဝင်မှု၊ ရွေ့လျားမှု (motion)၊ အသံလှိုင်း (Frequency)၊ အလင်းအမှောင် (Light Intensity)၊ သံလိုက်ဓာတ်အား (magnetism)၊ လျှပ်စစ်ဓာတ်အား (electricity)၊ ရေထဲတွင် pHပါဝင်မှု၊ အရောင်ပါဝင်မှု စသည်တို့ကိုတိုင်းတာနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဘာသာရပ်များကိုလေ့လာသင်ယူနေသော ကျောင်းသားလူငယ်များအနေဖြင့် ကျွမ်းကျင်နှံ့စပ်စွာသိရှိစေရန်စာတွေ့သာမကလက်တွေ့စမ်းသပ်မှုများကိုပါပြုလုပ်ကြရန်လိုအပ်ပါသည်။ ထို့ကြောင့်သိပ္ပံနည်းပညာဆိုင်ရာ သင်ထောက်ကူပစ္စည်းများမှာကျောင်းသားများ၏ လေ့လာမှုကို ပို၍တိုးတက်လာစေရန်အထောက်အကူပြုပေးနိုင်မည့် ကဏ္ဍတစ်ခုအနေဖြင့်ပါဝင်လာခဲ့ပါသည်။

မန္တလေးနည်းပညာကုမ္ပဏီအနေဖြင့်အရည်အသွေးမြင့်နည်းပညာသင်ထောက်ကူပစ္စည်းများကိုမြန်မာနိုင်ငံတစ်ဝှမ်းရှိတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအတွက် တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက် ရှိပါသည်။ ထိုကဲ့သို့တင်သွင်းရောင်းချလျက်ရှိသော သင်ထောက်ကူပစ္စည်းများစွာအနက်မှ Neulog Logger Sensor များကိုမိတ်ဆက် တင်ပြလိုပါ သည်။ Neulog Logger Sensor များသည် သိပ္ပံဘာသာရပ်များဖြစ်သည့် ရူပဗေဒ၊ ဓါတုဗေဒ၊ သတ္တဗေဒနှင့် ရက္ခဗေဒစသည့်ဘာသာရပ်များကို သင်ကြားနေသော ကျောင်းသား၊ကျောင်းသူများအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။

Neulog Logger Sensor များသည် အချိန်တိုတိုအတွင်းတိကျစွာတိုင်းတာနိုင်သည့်အပြင်အသုံးပြုပုံမှာရိုးရှင်းလွယ်ကူပါသည်။

Computer၊Phone၊ Tablet စသည်တို့နှင့် ချိတ်ဆက်၍အသုံးပြုနိုင်ပါသည်။ အလွယ်တကူသယ်ဆောင်သွားနိုင်ပါသည်။ အမျိုးမျိုးသော Application softwareများ၊ Operation system များနှင့်အဆင်ပြေစွာချိတ်ဆက်အသုံးပြုနိုင်ပါသည်။ Flash memory ပါဝင်သောကြောင့်မိမိစမ်းသပ်ပြုလုပ်ထားသော စမ်းသပ်ချက်ရလဒ်(data)များကိုSensor အတွင်းသိမ်းဆည်းထားနိုင်ပါသည်။

Neulog Logger Sensor အမျိုးပေါင်း (၅၀) ကျော်ရှိပြီး Sensor များကိုအားသွင်းနိုင်ရန်အတွက် Battery Module၊ Phone၊ Tablet များဖြင့်ချိတ်ဆက်အသုံးပြုနိုင်စေရန်ဆောင်ရွက်ပေးသည့် RF Communication Module၊ Computer ဖြင့်ချိတ်ဆက်နိုင်ရန် USB Bridge Module၊ မိမိလုပ်ဆောင် ထားသောစမ်းသပ်ချက်များကို(digital) ဂဏန်းဖြင့်ကြည့်ရှုနိုင်သော Digital Display Module၊ Sensor များကိုမည်သည့်ကိရိယာနှင့်မျှမချိတ်ဆက်ပဲ Sensor များရည်းသာအသုံးပြုပါကချိတ်ဆက်ရမည့်Graphic Display Module စသည်တို့လည်းပါဝင်ပါသည်။

ဆက်သွယ်ရန်
မမေရီစိုး
09 - 252012464
marysoe@mandalay-technology.com



ဖိအား (Pressure) ကိုတိုင်းယူနေပုံ

# လေကြောင်းပို့ဆောင်ရေးသင်တန်းကျောင်းတွင် PC Trainer များတပ်ဆင်



ကွန်ပျူတာထဲတွင်ရှိသော စက်ပစ္စည်းများ၏ အလုပ်လုပ်ပုံ၊ တစ်ခုနှင့်တစ်ခုချိတ်ဆက်ထားပုံ၊ ပစ္စည်းတစ်ခုချင်းစီ၏ အလုပ်လုပ်ပုံများအား Oscilloscopeနှင့်တွဲဖက်၍ စမ်းသပ်ပုံများပါဝင်သော PC Repair Training သင်တန်းအား စိတ်ဝင်တစားနှင့်တပည့်များအား လက်တွေ့သင်ကြားလိုသောစေတနာဖြင့် အားကြိုးမာန်တက်စွာ လေ့လာနေသောပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိလေကြောင်းပညာသီပွဲ(Civil Aviation Training Institute) မှ ဆရာ၊ဆရာမများအားလေးစားမိပါသည်။ တက္ကသိုလ်ကျောင်းတိုင်းတွင်လည်း ဤကဲ့သို့သောစက်ပစ္စည်းများနှင့်လက်တွေ့ခန်းများရှိသင့်သည်ဟုထင်မြင်မိပါသည်။ သင်တန်းသူသင်တန်းသားများဆရာ၊ဆရာမများကတော့မိမိတို့ဘက်မှပြည့်စုံအောင် လေ့လာနေတာတွေ့ရ၍ ဝမ်းသာပီတိလည်း ဖြစ်မိပါသည်။ မိမိတက္ကသိုလ်တက်စဉ်က ဆရာ၊ဆရာမများအားလည်း သတိရမိပါသည်။ ဆရာမက အားလပ်ချိန်များတွင် ကွန်ပျူတာအခန်းအား လာရောက်လေ့ကျင့်ရန် ခေါ်ခဲ့သော်လည်း Labအချိန်မှလွဲ၍ တစ်ခေါက်မှမရောက်ခဲ့ပေ။ ပျင်းတာကတစ်ကြောင်းမိမိကြောင့်စက်တစ်စုံတစ်ခုဖြစ်မှာစိုးရိမ်တာကတစ်ကြောင်း မရောက်ဖြစ်ခဲ့ပေ။ နောက်ပိုင်းမှနောင်တရမိခဲ့ပါသည်။ ကျောင်းသားကျောင်းသူများအားလည်း စိတ်ဝင်တစားဖြင့်လေ့လာစေချင်ပါသည်။ မိမိတို့ရသောအခွင့်အရေးများအား စိုးရိမ်စိတ်များနှင့်ကြောက်ရွံ့မနေဘဲမိမိရရအသုံးချစေလိုပါသည်။

လက်တွေ့ခန်းရှိပစ္စည်းများ မိမိကြောင့်ပျက်မည်စိုး၍ Lab အခန်းမသွားဘဲ မနေစေချင်ပါ။

အနာဂါတ်နိုင်ငံတော်ကို မိမိတို့၏ တတ်ကျွမ်းနားလည်မှုများဖြင့်သာတည်ဆောက်ကြရမည် မဟုတ်ပါလား။

သီရိဆွေ



သင်တန်းဆရာများနှင့်သင်တန်းသားများ

# ၂၀၁၅ခုနှစ် အာရှသိပ္ပံလေ့လာရေး စခန်းချနေထိုင်ခြင်း

## Asian Science Camp 2015

Asian Science Camp 2015 ကို ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၂) ရက်မှ (၈)ရက်အထိထိုင်းနိုင်ငံ၊ Thailand Science Park Convention Centre တွင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အောက်ပါကျောင်းသား၊ကျောင်းသူများတတ်ရောက်ခဲ့ကြပါသည်။

| အမည် | အတန်း/ ခုနှစ် | တက္ကသိုလ်/ကောလိပ်/ သိပ္ပံ |
|---|---|---|
| မချိုနန္ဒာကျော် | ဒုတိယနှစ် | ရတနာပုံ ဆိုင်ဘာစီးတီး နည်းပညာတက္ကသိုလ် ( ပြင်ဦးလွင် ) |
| မမေသက်သက်လှိုင် | ဒုတိယနှစ် | ရတနာပုံ ဆိုင်ဘာစီးတီး၊ နည်းပညာတက္ကသိုလ် ( ပြင်ဦးလွင် ) |
| မစုမြတ်နိုး | ပထမနှစ် | UMG ကောလိပ် |
| မစုမွန်မွန်စံ | HND ( ဒုတိယနှစ်) | ရှင်းတွင်း ကောလိပ် (ရန်ကုန်) |
| မောင်ကောင်းမြတ်လင်း | HND ( ပထမနှစ်) | ရှင်းတွင်း ကောလိပ် (မန္တလေး) |
| မသက်ဖြိုးဇေ | ပထမနှစ် | UMG ကောလိပ် |
| မောင်ကောင်းထက်ဆွေ | ဒုတိယနှစ် | နည်းပညာတက္ကသိုလ် (ရန်ကုန်) |

အဆိုပါကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန် - ဘန်ကောက်အသွားအပြန်လေယာဉ်လက်မှတ်များကို Myanmar Airways International မှထောက်ပံ့ကူညီကြပါသည်။Asian Science Camp 2015 သို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများနှင့် အတူကြီးကြပ်သူအဖြစ်ဒေါ်မေရီဖိုး (မန္တလေးနည်းပညာကုမ္ပဏီ)မှ လိုက်သွားခဲ့ပါသည်။





အဆိုပါ Asian Science Campကိုအာရှတိုက်တွင်းရှိ နိုင်ငံများတွင်အလှည့်ကျနှစ်စဉ်ကျင်းပပြုလုပ်ရာအာရှတိုက်နိုင်ငံအသီးသီးမှ ကျောင်းသူကျောင်းသား (၂၀၀)ကျော်တတ်ရောက်၍နိုဗယ်ဆုရသိပ္ပံပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခွင့်၊ သိပ္ပံပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ခွင့်များရကြပါသည်။

မြန်မာနိုင်ငံမှထူးချွန်ကျောင်းသား၊ ကျောင်းသူများကိုနှစ်စဉ်ရွေးချယ်စေလွှတ်နိုင်ရန်အတွက် Myanmar Coordinator အဖြစ်မန္တလေးနည်းပညာကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာဦးဇော်နိုင်မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။

# Digital Strategies for Financial Institutions

## "ငွေကြေးအဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ် ဗျူဟာများ"



မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းမှ နှုတ်ခွန်းဆက် အဖွင့်အမှာစကားပြောကြားစဉ်

မန္တလေးနည်းပညာ ကုမ္ပဏီနှင့် ModeFinserver ကုမ္ပဏီတို့မှကြီးမှူးကျင်းပသည့်အင်တာနက်၊ မိုဘိုင်း(လ်)ဖုန်းတို့ဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအကြောင်း ရှင်းလင်းတင်ပြသော "Digital Strategies for Financial Institutions" "ငွေကြေးအဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ် ဗျူဟာများ"ခေါင်းစဉ်ဖြင့် နည်းပညာဟောပြောပွဲ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ(၅)ရက်တွင် မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်း မှ နှုတ်ခွန်းဆက်၊ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ မန္တလေးနည်းပညာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာဦးဇော်နိုင်မှဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ရှင်းလင်းပြောကြားပါသည်။ ထို့နောက် "Digital Strategies for Financial Institutions" ခေါင်းစဉ်ဖြင့် ModeFinServer၏ Chief Executive Officer Mr. Amarnath Chowdary နှင့် Chief Technical Officer Mr. Armit Darde မှ ဟောပြောရှင်းပြီးနိုင်ငံတကာဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများတွင် အသုံးပြုလျက်ရှိသောဒစ်ဂျစ်တယ်နည်းဗျူဟာများအကြောင်းသရုပ်ပြရှင်းလင်းခဲ့ပါသည်။

ModeFinServer™

ModeFin Server ကုမ္ပဏီ၏ M Banking, Mobile Wallet
Agency Banking, Social Banking, Mobile Insurance
နည်းပညာများကို အသုံးပြုလျက်ရှိကြသော အဖွဲ့အစည်းများ

**Banks**
Equity Bank Limited (EBL) | Diamond Trust Bank (DTB) |
Bank of Africa (BOA) | Bank of Khartoum (BOK) |
Family Bank | Al Salam Bank |
Bahrain Islamic Bank (BIsB) | United Bank for Africa (UBA) |
Chase Bank | Prime Bank |
Equatorial Commercial Bank (ECB) | Kuwait Finance House (KFH) |
Bank of Bhutan (BoB) | CDH Investment Bank (CDH) |
Investrust Bank | Indo Zambia Bank...

**Financial Institutions**
ModeHoldings W.L.L | MobiBanc | EasiPay | Procco Financials...

**Telecom Operators**
Zain Telecom

**Countries**
India | Zambia | Ivory-Coast | Sudan | Nigeria | Rwanda |
Bahrain | Uganda | Tanzania | Kenya | Bhutan | Malawi...

# Agency Banking နှင့် Social Banking အကြောင်းသိကောင်းစရာ

ယနေ့ခေတ်အခါတွင်နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ဘဏ်လုပ်ငန်းများတွင်လည်း လယ်ဂျာစာအုပ်များဖြင့် စာရင်းမှတ်သည့် ဘဏ်လုပ်ငန်း (Traditional Banking) မှ ကွန်ပျူတာကိုအသုံးပြု၍ စာရင်းမှတ်သည့်ဘဏ်လုပ်ငန်းများ(Digital Banking) သို့ကူးပြောင်းလာပြီဖြစ်သည်။ ထို့အပြင်သုံးစွဲသူများ အဆင်ပြေချောမွေ့စေရန် ဘဏ်ဝန်ဆောင်မှုများကိုလည်း နည်းပညာအဆင့်မြင့်ကာဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ထိုသို့သောဝန်ဆောင်မှုများထဲတွင် Agency Banking နှင့် Social Banking အကြောင်းကိုဖော်ပြလိုပါသည်။

## Agency Banking

Agency Bankingဆိုသည်မှာဘဏ်လုပ်ငန်း များကို ဘဏ်ခွဲများအစားစတိုးဆိုင်များ၊ အဆင့်မြင့်ဈေးဆိုင်များနှင့်ဖုန်းအရောင်းဆိုင်များကဲ့သို့ လူအများဆက်စပ်သွားလာကြရာနေရာများတွင်ကိုယ်စားလှယ် (Agents) များခန့်အပ်၍ ဘဏ်လုပ်ငန်းလုပ်ဆောင်နိုင်ခြင်းကိုခေါ်ဆိုပါသည်။ ဘဏ်၏ကိုယ်စားလှယ်ဖြစ်လာမည့်အေးဂျင့်များကိုဘဏ်နှင့်ဆက်သွယ်ထားသော IT နည်းပညာများကိုအသုံးပြုစေပြီးဘဏ်လုပ်ငန်းများကို ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

ဘဏ်နှင့်အလှမ်းဝေးကွာသည့် ကျေးလက်ဒေသ များတွင် Agency Bankingကိုအသုံးပြုပါက ဘဏ်အနေဖြင့် သုံးစွဲသူတိုးပွားလာခြင်း၊ ဘဏ်ခွဲဖွင့်ရန်ခက်ခဲသည့်နေရာများတွင်အဆင်ပြေခြင်း၊ အပိုဝန်ထမ်းခန့်ထားရန်မလိုအပ်သောကြောင့် ဘဏ်၏အသုံးစရိတ်ကို လျော့ချနိုင်ပြီး နှစ်စဉ်အမြတ်ငွေတိုးပွားလာခြင်း သာမကဘဏ်ကိုသုံးစွဲသူများအနေဖြင့်လည်း ငွေသွင်း ငွေထုတ် လုပ်ငန်းများတွင်ဝန်ဆောင်ခသက်သာခြင်း၊ တန်းစီစောင့်စားရန်မလိုတော့ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ဆိုင်ဖွင့်ချိန်အတိုင်းဘဏ်လုပ်ငန်းများကိုဆောင်ရွက်နိုင်သောကြောင့် အဆင်ပြေသည့်အချိန်သွားလာနိုင်ခြင်း၊ မိမိအိမ်နှင့်အနီးစပ်ဆုံးတွင်တည်ရှိနေသောကြောင့် ခရီးစရိတ်သက်သာခြင်း၊ ငွေပိုက်ဆံများကိုသယ်ဆောင်သွားလာစရာ မလိုတော့သောကြောင့်လုံခြုံစိတ်ချစွာနေထိုင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။

အေးဂျင့်များ အနေဖြင့်လည်းမိမိလက်ရှိလုပ်ကိုင်နေသောလုပ်ငန်းမှရရှိသည့် ဝင်ငွေအပြင် Agency Banking မှအပိုဝင်ငွေရရှိနိုင်ခြင်း၊ နှစ်စဉ်ကော်မရှင် (Commissions) များကိုခံစားခွင့်ရှိခြင်း၊ အိုးမကွာ အိမ်မကွာဖြင့် အပိုစီးပွားရေးများလုပ်ဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။



Agency Banking လုပ်ဆောင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းဖော်ပြထားပုံ

Agency Banking ကိုအသုံးပြု၍ ဖုန်းဘေလ် ငွေဖြည့်ခြင်း (Mobile Top-up)၊ မီတာခ၊ရေခစသည့်အပြင် ပေးဆောင်ရန်အခွန်များကို ပေးချေနိုင်မည့် (Bill Payment)၊ ဘဏ်လုပ်ငန်းများဖြစ်သည့်ဘဏ်စာရင်းဖွင့်ခြင်း၊ ငွေသွင်းငွေထုတ်ခြင်းနှင့် ငွေလွှဲခြင်း ၊ငွေလက်ကျန်စစ်ခြင်း (Deposite, Withdrawls, Balance Enquiry)တို့ကိုအချိန်နှင့်တပြေးညီဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## Social Banking




လူမှုရေးဝက်ဆိုဒ် (Social Website) များကို တွင်ကျယ်စွာအသုံးပြုလာသည်နှင့်အမျှ ဘဏ်လုပ်ငန်းများအတွက်အကျိုးများစေရုံသာမကအသုံးပြုသူများအတွက်လည်း အဆင်ပြေမြန်ဆန်စေသည့် Social Banking ကိုလည်းနိုင်ငံတကာလုပ်ငန်းများတွင်ကျယ်ပြန့်စွာသုံးလာကြပါသည်။

Social Banking ဆိုသည်မှာ Social Network Websites များဖြစ်သည့် Facebook၊ Twitter စသည်တို့ကိုအသုံးပြု၍မိမိ Laptop၊ Smart Phone၊ Tablet တို့မှတစ်ဆင့်လူတစ်ဦးမှနောက်တစ်ဦးထံသို့ ငွေလွှဲပြောင်းခြင်းလုပ်ငန်း (Money Transfer)၊ ဘေလ်ပေးဆောင်ခြင်း (Bill Payment) ၊ ဖုန်းပိုက်ဆံဖြည့်ခြင်း (Mobile Top-up) စသည့် လုပ်ငန်းများကိုအချိန်နေရာဒေသ မရွေးဆောင်ရွက်ခြင်းဖြစ်သည်။ ငွေလွှဲပြောင်းရာတွင် ငွေလက်ခံသူမှာဘဏ်အကောင့်ရှိစရာ မလိုပဲငွေလက်ခံရရှိကြောင်း Message၊ အီးမေးလ် (Email) သို့ Notificationရသည်နှင့်အနီးဆုံးဘဏ်အေးဂျင့်(Bank Agent) (သို့မဟုတ်) ဘဏ်ခွဲ (သို့မဟုတ်) တွင်သက်သေအထောက်အထား Confirmation Code ကိုပြကာ(သို့မဟုတ်)ရိုက်ထည့်ကာငွေထုတ်ယူနိုင်မည်ဖြစ်သည်၊

## ATM ငွေထုတ်စက်

Facebook တွင် Social Banking ကိုအသုံးပြုလိုပါကအသုံးပြုလိုသောဘဏ်တွင်အကောင့်ဖွင့်ထားပြီးထိုဘဏ်သည် Social Banking ကိုဝန်ဆောင်မှုပေးသောဘဏ် ဖြစ်ရပါမည်။ Facebook တွင်ရှိသောဘဏ်၏ Register စာမျက်နှာကိုသွား၍မိမိ၏ဘဏ်အကောင့်(Bank Account) အချက်အလက်များကို ဖြည့်သွင်းရပါသည်၊ ထို့နောက် Pin Number ရိုက်ထည့်ပြီးလျှင် Social Banking ကိုစတင်အသုံးပြုနိုင်မည်ဖြစ်သည်၊ Social Banking ကို အသုံးပြု၍ Money Transfer ၊ Airtime Topup ၊ Bills Payment စသည်တို့ကိုဆောင်ရွက်နိုင်ရုံသာမက ဘဏ်အကောင့်တွင်ရှိသော လက်ကျန်ငွေစစ်ခြင်းကိုလည်းပြုလုပ်နိုင်သည်ကိုအောက်ပါပုံတွင် ဖော်ပြထားပါသည်။ လုံခြုံမှု အဆင့်မြင့်ဆုံးနည်းပညာများဖြင့် ရေးဆွဲထားသဖြင့် လွယ်ကူစွာသုံးစွဲနိုင်သလိုစိတ်ချစွာလည်းသုံးစွဲနိုင်ကြပါသည်၊

# တောင်ငူတက္ကသိုလ်နည်းပညာပြပွဲ

တောင်ငူတက္ကသိုလ်၏ ဘက်စုံခန်းမဖွင့်လှစ်ပွဲနှင့်အတူနည်းပညာပြပွဲတစ်ခုကျင်းပပြုလုပ်ခဲ့ရာ မန္တလေးနည်းပညာကုမ္ပဏီမှ အဆိုပါနည်းပညာပြပွဲအတွက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသူ၊ ကျောင်းသားများ ဆရာ၊ဆရာမများနှင့်တက်ရောက်လာကြသူပြည်သူများအတွက် ခေတ်ပေါ်နည်းပညာများ၊ ဆက်သွယ်ရေးနည်းပညာများ၊ ပညာရေးအထောက်အကူပြု နည်းပညာများကိုကုမ္ပဏီအသီးသီးမှလာရောက်ပြသနိုင်ရေးစီစဉ်ပေးခဲ့ပါသည်။တောင်ငူတက္ကသိုလ်ရှိဌာနအသီးသီးမှလည်းမိမိတို့ဌာနအလိုက်ဘာသာရပ်ဆိုင်ရာဟောပြောပွဲများကျင်းပပြုလုပ်ခဲ့ကြပြီးဘာသာရပ်ဆိုင်ရာပြခန်းများလည်းဖွင့်လှစ်ပြသခဲ့ကြပါသည်။



တောင်ငူတက္ကသိုလ်ဘက်စုံခန်းမနှင့်နည်းပညာပြပွဲဖွင့်လှစ်ပွဲအခမ်းအနား

မန္တလေးနည်းပညာကုမ္ပဏီအနေဖြင့်နိုင်ငံ၏စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတတ်မှု(Sustainable Development) သည်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (Human Resources Development ) ပေါ်တွင် များစွာတည်မှီလျက်ရှိကြောင်းခံယူထားသည့်အလျောက်နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး (National Human Resources Development) အတွက် အစဉ်တစိုက်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဤစာမျက်နှာမှတစ်ဆင့်တင်ပြအပ်ပါသည်။

## သင်တန်းများ

နည်းပညာစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ်တည်ဆောက်နိုင်ရန်အတွက်ကျွန်တော်တို့ မန္တလေးနည်းပညာကုမ္ပဏီ နည်းပညာသင်တန်းများဖွင့်လှစ်လျက်ရှိပါသည်။

Training on GIS and Google Earth For Environmental Management

Training on GIS and Remote Sensing Applications for Disaster Risk Reduction & Management

Training on Introduction to GIS and Google Earth

Training on Basic Remote Sensing –

သင်တန်းများကိုဖွင့်လှစ်ပေးလျက်ရှိပါသည်။

Digital စနစ်သုံးမြေတိုင်းသင်တန်းများ ( Training on Basic Digital Surveying )

ဆက်သွယ်ရန်
သက်ထားဇော်
thethtarzaw@mandalay-technology.com



# ကျေးရွာတင်မှတ်တမ်းတင်ခြင်း

မြန်မာနိုင်ငံအနှံ့ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်၊ ကူညီ၊ ထောက်ပံ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေကြသည့်အလျောက် မန္တလေးနည်းပညာကုမ္ပဏီအနေဖြင့်လည်းအောက်ပါသင်တန်းများဖွင့်လှစ်ခဲ့ပါသည်။

(၁) GIS and Remote Sensing for Flood Recovery Activities

(၂) GIS and Remote Sensing for Fast Mapping

ရေကြီးရေလျှံမှုအတွက်မြေပုံများရေးဆွဲခဲ့ကြ၊ ဂြိုလ်တုဓါတ်ပုံများမှ တဆင့် ခန့်မှန်း တွက်ချက်မှုများပြုလုပ်ပေးခဲ့ကြသော ဆရာဒေါက်တာကျော်ဇေယျာထွန်း၊ ဆရာဦးမောင်မောင်သန်းတို့မှ ပါဝင် ဟောပြော၊ ဆွေးနွေးပေးခဲ့ကြသည့်အတွက်ကျေးဇူးတင်မှတ်တမ်း တင်အပ်ပါသည်။

**MANDALAY**
**technology**
*Technologies for Development*







Contact Us:
Mandalay Technology Company Limited
Office - 1 Unit 7, Building 1,
Tel : +95-9-43202027, +95-9-253254336
Office - 2 Unit 504, Building 11,
Tel/ Fax: +95-1-652285 ~ 86
+95-9-257487725 ~ 26
MICT Park , Hlaing Township, YANGON, 11051
info@mandalay-technology.com
www.mandalay-technology.com